မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

February 7, 2025 | Volume 87, Number 5


၇.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၇၅.၇၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၉၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၄.၈၂ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၁၄.၀၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူကပြောပြသည်။ ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများထွက်ရှိပြီး ယခုနှစ် ဇန်နဝါရီလ၊ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ကြက်ဟင်းခါးသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ရောင်းတန်းဝင်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၂၅,၀၀၀ မှ ၄၅,၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိဒေသမှာ ဆောင်းသီးနှံအဖြစ် စိုက်ထားတဲ့ ကြက်ဟင်းခါးသီးတွေ ထွက်နေပါတယ်။ ကြက်ဟင်းခါးသီးတွေက အရည်အသွေးကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ ပတ်ဝန်းကျင်အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အထွက်နှုန်းလဲကောင်းနေပါတယ်”ဟု သိရသည်။ ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ကျပ် ၃၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင်စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

https://myantrade.gov.mm/article/naypyitaw_722025_1010

## ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ကောက်ရိုးမှိုပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ကောက်ရိုးမှိုပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း ကောက်ရိုးမှိုပိဿာချိန် ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်ထိ ကောက်ရိုးမှို ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကောက်ရိုးမှို တစ်ပိဿာလျှင် ကျပ် ၁၅,၅၀၀ မှ ၁၇,၅၀၀ ထိ ပေါက်စျေး ရှိကြောင်းသိရသည်။ “ဘိုကလေးမြို့နယ်ကနေထွက်တဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ကောက်ရိုးမှိုပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိဒေသထွက် ကောက်ရိုးမှိုတွေကို ရန်ကုန်စျေးကွက်က မှာယူမှုများနေပါတယ်။ ဘိုကလေးမြို့နယ်မှာ အခြားစိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ ယှဉ်တွဲပြီး ကောက်ရိုးမှိုစိုက်ပျိုးတဲ့လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်”ဟု သိရသည်။ ဘိုကလေးမြို့နယ်မှ ကောက်ရိုးမှိုများကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများလာသောကြောင့် ကောက်ရိုးမှိုစိုက်သူများ၊ ရောင်းဝယ်သူများ၊ လုပ်သားများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_722025_1000

## သဘာဝတောများမှ နှစ်စဉ်ဝါးနှင့်ကြိမ်အလုံးရေ သန်း ၄၀၀ ခန့်ထုတ်လုပ်နိုင်

မြန်မာနိုင်ငံရှိ သဘာဝတောများမှ နှစ်စဉ် ဝါးနှင့်ကြိမ်အလုံးရေ သန်း ၄၀၀ ခန့်ထုတ်လုပ်နိုင်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



သစ်အခြေခံ၊ ကြိမ်နှင့်ဝါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်ကြမ်းရရှိရေးအတွက် သဘာဝတောများမှ နှစ်စဉ်ထုတ်လုပ်နိုင်သည့် ဝါးလုံးရေ ၃၁၈ သန်းနှင့် ကြိမ်လုံးရေ ၇၇ သန်းရှိပြီး ပုဂ္ဂလိက ဝါးစိုက်ခင်းများ တည်ထောင်မှုကိုလည်း စိစစ်ခွင့်ပြုပေးလျက် ရှိကြောင်း သိရသည်။

ထို့ပြင် သစ်တောသယံဇာတတွေ ရေရှည်တည်တံ့စေရန်အတွက် သစ်တောသယံဇာတ ထုတ်ယူသုံးစွဲခြင်းကို အကန့်အသတ်ဖြင့် ထုတ်ယူနေကြောင်းသိရသည်။ ယင်းအပြင် စျေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် သစ်၊ ဝါး၊ ကြိမ် အချောထည်များကို နည်းပညာအသုံးပြု၍ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

**Source: Popular News Journal**

## ဖေဖော်ဝါရီလအတွက် ဆန်ရည်ညွှန်းဈေးသတ်မှတ်




ယခုဖေဖော်ဝါရီလအတွက် ရောင်းချရမည့် ဆန်ရည်ညွှန်းဈေးများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတ်မှတ်ထုတ်ပြန်ထားသည်။

ယင်းရည်ညွှန်းဈေးအရ ဆန်တစ်အိတ်လျှင် အနည်းဆုံး ကျပ် ၇ သောင်းကျော်နှင့် အမြင့်ဆုံးကျပ် ၁ သိန်း ၅ သောင်းကျော်ဖြင့် ရောင်းချရန်သတ်မှတ်ထားသည်။

ဆန်ကြမ်းအုပ်စုများဖြစ်သည့် ဧည့်မထ၊ ငစိန်အုပ်စု တစ်အိတ်လျှင် ကျပ် ၇ သောင်းကျော်၊ ရောမင်း၊ ရောပဒေသာ၊ မဂျမ်းတော ဆန်အုပ်စုတစ်အိတ်လျှင် ကျပ် ၈ သောင်းကျော်ရှိကြောင်း ထုတ်ပြန်ထားသည့်ဈေးနှုန်းအရ သိရသည်။ အလားတူ ပေါ်ဆန်းဆန် အုပ်စုဆန်များကို တစ်အိတ်လျှင် ကျပ် ၁ သိန်းကျော်မှ ၁ သိန်း ၅ သောင်းကျော်အထိရောင်းချရန် ဈေးနှုန်းသတ်မှတ်ထားသည်။

ထို့ပြင် ရည်ညွှန်းဈေးနှုန်းများ စည်းကမ်းချက်များနှင့်အညီရောင်းချရန် အသိပေးထုတ်ပြန်ထားပြီး လိုက်နာဆောင်ရွက်မှု မရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ-၅ အရ တရားစွဲဆိုခြင်း၊ ဒဏ်ငွေနှင့်အခွန်ငွေ သတ်မှတ်ပေးဆောင်စေခြင်းစသည့် အရေးယူမှုများကို ထိရောက်စွာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ပြည်ပမှစက်သုံးဆီနှင့်စားအုန်းဆီတင်သင်္ဘောများ စဉ်ဆက်မပြတ်ဝင်ရောက်လျက်ရှိသဖြင့် ပြည်တွင်း သုံးစွဲမှုလုံလောက်သည့်အပြင် ဈေးနှုန်းမှာလည်း ယခင်ထက်လျော့နည်းကျဆင်းလျက်ရှိ

ပြည်ပမှစက်သုံးဆီနှင့် စားအုန်းဆီတင်သင်္ဘောများ ကြိုတင်စီမံထားသည့်အတိုင်း စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိသဖြင့် ပြည်တွင်းသုံးစွဲမှု လုံလောက်သည့်အပြင် အရန်ဆီများ ကြိုတင်သိုလှောင်ထားရှိပြီး ရောင်းဈေးနှုန်းသည်လည်း ယခင်ထက် လျော့နည်းကျဆင်းလျက်ရှိကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ သိရသည်။



လက်ရှိတွင် သီလဝါရှိ ဆီချဆိပ်ကမ်းများတွင် စက်သုံးဆီတင်သင်္ဘော ၆ စီး၊ ပင်လယ်ဝတွင် သင်္ဘော ၃ စီး ရောက်ရှိပြီးဖြစ်ပြီး လမ်းခရီးတွင် သင်္ဘော ၁ စီးနှင့် ပြည်ပနိုင်ငံတွင် စက်သုံးဆီတင်ဆောင်နေသော သင်္ဘော ၁၀ စီးသည် အသင့်ဖြစ်နေပြီဖြစ်ကာ ဖေဖော်ဝါရီလအတွင်း သင်္ဘော ၂၉ စီးဖြင့် စဉ်ဆက်မပြတ် တင်သွင်းရန် ကြိုတင်စီမံဆောင်ရွက်ထားကြောင်း အဆိုပါကော်မတီမှ သိရသည်။

ထို့ပြင် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရန်အတွက် နေ့စဉ်သုံးစွဲမှုပမာဏအပြင် အရန်ဆီအနေဖြင့် တစ်လစာခန့် တင်သွင်းသိုလှောင်ထားရှိပြီး သီလဝါမှ နိုင်ငံအဝန်းသို့ လုံလောက်သောဆီတင်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းဖြန့်ဖြူးရောင်းချပေးနေကာ ဒေသအသီးသီးရှိ ပြည်သူများသည် စက်သုံးဆီပြတ်လပ်မှုမရှိဘဲ လိုအပ်သည့်နေရာတွင် လိုအပ်သည့်ပမာဏကို လွယ်ကူအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရန် စီမံထားရှိသည့်အတွက် စက်သုံးဆီဈေးနှုန်းများသည်လည်း ယခင်ကထက် တစ်လီတာလျှင် ၈၅ ကျပ်မှ ၁၁၅ ကျပ်အထိ ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

အလားတူ စားအုန်းဆီဈေးနှုန်းသည် ယခင်တစ်ပိဿာ ရည်ညွှန်းဈေးနှုန်း ကျပ် ၇၂၈၀ မှ ယခုအပတ်တွင် ၇၁၆၅ ကျပ်အထိ ဆက်တိုက်ကျဆင်းလျက်ရှိပြီး နိုင်ငံတကာဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်သည့်အပြင် ရန်ကုန်ဆီကန် အထိုင်ရည်ညွှန်းဈေးနှုန်းကိုလည်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အပတ်စဉ် သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/64298

## မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ နနွင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးထားပြီး စတင်တူးဖော်လျက်ရှိ



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နနွင်းကို ၁၀၄၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ နနွင်းကို ဇွန်လနှင့်ဇူလိုင်လများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့်မတ်လများတွင် တူးဖော်လျက်ရှိရာ ယခုအချိန်တွင် နနွင်းများ စတင်တူးဖော်လျက်ရှိကြောင်း၊ နနွင်းကိုဘောင်ခတ်ပြီး မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကာ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် နနွင်းတက်လှည်း ၁၃-၁၅ စီးခန့်၊ တင်းအားဖြင့် ၃၂၅-၃၅၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်း အရောက် လာရောက်ဝယ်ယူကြ၍ ကျောက်ဆည်မြို့ရှိပွဲရုံများသို့ ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့ များသို့ တင်ပို့ရောင်းချကြကြောင်း၊ နနွင်းများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင်လည်း ဈေးနှုန်းများ ဆက်လက်ကောင်းမွန်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်ကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_622025_230

## တောင်ကိုရီးယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေသည် ဂျပန်နိုင်ငံနှင့်ထိုင်ဝမ်တို့ထက် သာလွန်ခဲ့

၂၀၂၄ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေ (Per Capita Gross Domestic Product- GDP) သည် ဂျပန်နိုင်ငံနှင့်ထိုင်ဝမ်တို့ထက်သာလွန်ပြီး အမေရိကန်ဒေါ်လာ ၃၆,၀၂၄ ရရှိခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်နှင့် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ၂-၂-၂၀၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေ မြင့်မားလာရခြင်းမှာ အဓိကပို့ကုန်ဖြစ်သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ တင်ပို့မှုဈေးနှုန်း မြင့်မားလာသည့်အပြင် ရေနံစိမ်းကဲ့သို့သော ကုန်ကြမ်းပစ္စည်းများ တင်သွင်းရာတွင် ဈေးနှုန်းများကျဆင်းသည့်အတွက် ကုန်ချောထုတ်လုပ်မှုမြင့်မားကာ နိုင်ငံဝင်ငွေတိုးတက်စေရန် အထောက်အကူပြုခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ဗဟိုဘဏ်နှင့်စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ထုတ်ပြန်ကြေညာချက်အရ ၂၀၂၄ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃၆,၀၂၄ ရရှိနိုင်ကြောင်း ခန့်မှန်းထားသည့်အတွက် ၂၀၂၃ ခုနှစ်ကထက် ၄၅၄ ဒေါ်လာ (၁ ဒသမ ၂၈ ရာခိုင်နှုန်း) မြင့်မားခဲ့ကြောင်း၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund- IMF) ၏ ခန့်မှန်းချက်အရ ဂျပန်နိုင်ငံနှင့်ထိုင်ဝမ်တို့၏ တစ်ဦးချင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃၂,၈၅၉ နှင့် ၃၃,၂၃၄ တို့ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေသည် ဂျပန်နိုင်ငံနှင့်ထိုင်ဝမ်တို့ထက် သာလွန်နေပါကြောင်း ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေသည် ၂၀၁၆ ခုနှစ်မှစတင်၍ အမေရိကန်ဒေါ်လာ ၃၀,၀၀၀ ကျော်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ၃၅,၃၅၉ ဒေါ်လာအထိရောက်ရှိခဲ့ရာမှ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ်တွင် ၃၃,၅၉၄ ဒေါ်လာအထိ ကျဆင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် အစိုးရက စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်များ ဆောင်ရွက်ခဲ့သည့်အပြင် လူချင်းခပ်ခွာခွာ နေခြင်း (Social Distancing) ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ ဖြေလျှော့ပေးခြင်းနှင့် ပို့ကုန်တင်ပို့မှု မြင့်မားလာခြင်း တို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ၃၇,၅၀၃ ဒေါ်လာအထိ ပြန်လည်မြင့်မားလာခဲ့သည်။

ပို့ကုန်တင်ပို့မှုဝင်ငွေ မြင့်မားလာခြင်းသည် နိုင်ငံ၏စီးပွားရေးကို ခိုင်မာစေသည့်အပြင် အလုပ်အကိုင်စျေးကွက်နှင့် လုပ်ခလစာမြင့်မားစေရေး အထောက်အကူပြုပါကြောင်း၊ သို့သော် အချိန်ယူပါကြောင်း၊ ပို့ကုန်စျေးနှုန်းများ မြင့်မားလာခြင်း သည် Nominal GDP (စျေးကွက်အတွင်း လက်ရှိစျေးနှုန်းဖြင့်တွက်ချက်သော စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး) ကို မြင့်မားစေသော်လည်း အဆိုပါပို့ကုန်အပိုဝင်ငွေကို စီးပွားရေးကဏ္ဍတစ်ခုလုံးအတွင်း ဖြန့်ဝေသုံးစွဲရန်လိုပါကြောင်း တောင်ကိုရီးယားနိုင်ငံရှိ Citibank နှင့် KB Securities တွင် ယခင်က တာဝန်ထမ်းဆောင်ခဲ့သည့် စီးပွားရေးပညာရှင် Mr. Chang Jae-chul က ပြောကြားခဲ့သည်။ နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရန်အတွက် ၃၀ ထရီလီယံဝမ် (အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ) အထိ အပိုဘတ်ဂျက်သုံးစွဲရန် လိုအပ်နေသည်ဟု ထင်မြင်ယူဆပါကြောင်း၊ လက်ရှိတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ယခင် ခန့်မှန်းချက်ထက်နိမ့်ကျနေပြီး ၂ ရာခိုင်နှုန်းပြည့်မီရန်ပင် ခဲယဉ်းနေကြောင်း၊ သတ်မှတ်ထားသည့် ကဏ္ဍများအတွက် အပိုဘတ်ဂျက်ထုတ်သုံးစွဲခြင်းဖြင့် စီးပွားရေးကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း Mr. Chang Jae-chul က ပြောကြားခဲ့သည်။

Hyundai Research Institute မှ စီးပွားရေးသုတေသနဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး Mr. Joo Won ကလည်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှေးကွေးနေမှုကို ငွေကြေးမူဝါဒဖြေလျှော့ပေးခြင်း (တောင်ကိုရီးယားနိုင်ငံ ဗဟိုဘဏ် က အတိုးနှုန်းကိုလျှော့ချပေးခြင်း) ဖြင့် ပြုပြင်ရမည်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်း တင်းကြပ်မှုကို ထိန်းထားနေခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်သည် ပြည်တွင်းနှင့်ပြည်ပအချက်အလက်များကို ဟန်ချက်ညီမျှအောင် ဆောင်ရွက်ရမည့်စိန်ခေါ်မှုကို ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:** https://www.koreatimes.co.kr/www/biz/2025/02/175_391363.html

**စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။**

https://myantrade.gov.mm/article/npt-622025150

## ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ မွေးမြူရေးထွက်ကုန်တင်ပို့မှုသည် ၁၁ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့

၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ မွေးမြူရေးထွက်ကုန်တင်ပို့မှု ဘတ် ၃၂၀ ဘီလီယံ ရရှိခဲ့သဖြင့် ၁၁ ရာခိုင်နှုန်း တိုးတက်မှု ရှိခဲ့ရာ မှတ်တမ်းတင်နိုင်သည့် ပမာဏထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဓိက အရည်အသွေးထိန်းချုပ်မှုနှင့်စိတ်ချယုံကြည်ရမှု စံနှုန်းများတွင် တိုးတက်မှုများရှိခဲ့သောကြောင့်ဖြစ်ကြောင်း၊ ယင်းအစီအမံများမှာ Good Hygiene Practices နှင့် Hazard Analysis and Critical Control Point (HACCP) တို့ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ဆက်စပ်သော ထုတ်ကုန်များအနက် အေးခဲသားတင်ပို့ခဲ့မှုသည် အမြင့်ဆုံးတိုးတက်မှုရှိခဲ့ပြီး ဘတ် ၁၆၀ ဘီလီယံ ပိုမိုခဲ့သဖြင့် ၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံ၏ အဓိကပို့ကုန်စျေးကွက်များဖြစ်သော ဂျပန်၊ ဗြိတိန်၊ ဥရောပ သမဂ္ဂနှင့်တရုတ်နိုင်ငံများသို့တင်ပို့ခဲ့သော ကြက်အေးခဲသားတင်ပို့ခဲ့မှုသည် ဆက်လက်ကောင်းမွန်နေဆဲဖြစ်ကြောင်း၊ တိရစ္ဆာန် အစာတင်ပို့မှုသည် ဘတ် ၁၀၀ ဘီလီယံ ပိုမိုရရှိခဲ့ပြီး ဒုတိယအများဆုံး ပို့ကုန်ဖြစ်ခဲ့ပါကြောင်း အစိုးရဒုတိယပြောရေး ဆိုခွင့်ရှိသူ Mr. Anukool Pruksanusak က ပြောကြားခဲ့သည်။

အိမ်မွေးတိရစ္ဆာန်ပို့ကုန်သည် ၂၆ ဒသမ ၇၆ ရာခိုင်နှုန်းဖြင့် ခိုင်မာသောတိုးတက်မှုရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင်လည်း ဆက်လက် မြင့်တက်နေမည်ဟု ဖော်ပြလျက်ရှိပါကြောင်း၊ အခြားသော မွေးမြူရေးဆက်စပ်ထုတ်ကုန်များဖြစ်သည့် နို့ထွက်ပစ္စည်းများနှင့်

မွေးမြူရေးအစာတို့ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင်လည်း မွေးမြူရေးပို့ကုန်များသည် ဆက်လက်တိုးတက်နေမည်ဟု အစိုးရအနေဖြင့် ယုံကြည်ထားပါကြောင်း၊ လက်ရှိဈေးကွက်များကို ထိန်းထားနေစဉ်အတွင်း ဈေးကွက်အသစ်များကိုလည်း ရှာဖွေလျက်ရှိပါကြောင်း Mr. Anukool က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

## STOCK EXCHANGE (7.2..2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,366 (Shares) | 23,039,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,700 | +200 | +2.67% | 7,500 | 7,700 | 7,500 | 1,741 | 13,287,400 | 33,109,694 | 254,945 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 118 | 357,650 | 38,929,150 | 116,788 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 11 | 19,800 | 29,664,613 | 53,396 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 0 | 0 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,266 | 2,042,650 | 19,977,223 | 32,962 |
| AMATA | 00007 | 3,850 | +0 | +0.00% | 3,800 | 3,850 | 3,800 | 590 | 2,246,500 | 10,497,598 | 40,416 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,200 | 3,200 | 3,100 | 1,640 | 5,085,200 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 6th Feb. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.02 | +3.11 | +0.85% | 368.37 | 371.42 | 367.10 | 5,366 | 23,039,200 | 8 | 699,815 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 5,483 (Shares) | 23,390,200 (MMK) |

## Main Board

As of 1:00 pm, 6th Feb. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,366 (Shares) | 23,039,200 (MMK) |

| MYANPIX | 371.02 ▲ 3.11 |
|---|---|
| Total Volume (shares) | 5,366 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,815 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,700 | ▲ 200 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,850 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 50 |

TIR